ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အမိန့်အမှတ် ( ၁၉၈ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၇ ရက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ စာတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ မြို့နယ် (၁၁) မြို့နယ်ရှိ ကုန်ကြမ်းယူ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများ၊ လုပ်ငန်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သင့်သည်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ညှိနှိုင်း၍ နောက်ဆက်တွဲအမိန့်စာ ထုတ်ပြန်ပေးရန်ဖော်ပြပါရှိပါသည်။

၂။ နိုင်ငံတော်တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားနေမှုများကို ထိရောက်စွာ ထိန်းသိမ်းနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရောဂါဖြစ်ပွားမှု များပြားနေသော မြို့နယ်များအား Stay at Home ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အဆိုပါဒေသများရှိ အလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်း မဆုံးရှုံးစေရေးနှင့် စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်လုပ်ကိုင်နိုင်ရေးအတွက်လည်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို မထိခိုက်စေဘဲ ထိန်းညှိလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

၃။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် လိုက်နာဆောင်ရွက်မည့် အချက်များကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာပေးထားခဲ့ပြီးဖြစ်ပါသည်-

(က) Coronavirus Disease 2019 (COVID-19) ကာကွယ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများသို့ လမ်းညွှန်ချက် (၁၉-၃-၂၀၂၀)၊

(ခ) Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက် (၃၀-၃-၂၀၂၀)၊

(ဂ) Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များတွင် ဆောင်ရွက်ထားရမည့်အချက်များ(၁၉-၄-၂၀၂၀)၊

(ဃ) Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်(၁၉-၄-၂၀၂၀)၊

(င) Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက်(၂၆-၆-၂၀၂၀)၊

(စ) COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များ၊ အလုပ်ဌာနများတွင် အထူးဂရုပြုလိုက်နာရမည့်အချက်များ (၂၆-၈-၂၀၂၀)။

၄။ ထိုသို့ကြေညာချက်များထုတ်ပြန်ခဲ့သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် စာပိုဒ် ၃ ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ/မရှိအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ကြီးကြပ်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ သွားရောက်စစ်ဆေးပြီး ညွှန်ကြားချက်နှင့်ကိုက်ညီသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ပြန်လည်ဖွင့်လှစ်ခွင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေး၍ ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့သည့်အပြင် ၁၃-၆-၂၀၂၀ ရက်စွဲဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ ဆက်လက်ကြီးကြပ်ဆောင်ရွက်ရမည့် အစီအစဉ်ထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

၅။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှလည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားမှု ရှိ/မရှိကို စာပိုဒ် ၄ ပါအတိုင်း စနစ်တကျ ကြပ်မတ်စိစစ်ဆောင်ရွက်ပါက COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကိုလည်း ဆက်လက်ဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုနိုင်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ စာပါ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ် (၁၁) မြို့နယ်ရှိ ကုန်ကြမ်းယူ ကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP)များနှင့်ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာပိုဒ် ၃ ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိအား သက်ဆိုင်ရာ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်များဖြင့် စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက် အပေါ်မူတည်၍ ဆက်လက်ဖွင့်လှစ်ခွင့် ပြု/မပြု တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဆုံးဖြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၇၀ / အလ / ခွဲ (၁) ၂၀၂၀ ( ၁၀၇၀၇ )

ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လ ၂၇ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ ------------------------------------------ဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ -------------------------------------------

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ဤဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့ရုံး

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ခ) လူမှုဖူလုံရေးအဖွဲ့

(ဂ) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဃ) အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(င) လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန

(စ) အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန

(ဆ) ပြည်သူ့အင်အားဦးစီးဌာန

ဤဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်။

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ